# စာပေပညာရှင်များအတွက်ပြုထွန်းတင်ပြပုံလေ့လာချက်

ပါရဂူ (PhD) ဘွဲ့အတွက်တင်သွင်းသောကျမ်း

မနွယ်နွယ်အေး

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ ဇွန်လ

## ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် **"စာပေပညာရှင်များ အတ္ထုပ္ပတ္တိတင်ပြပုံလေ့လာချက်"** ဟူသော အမည်ဖြင့် ပါရဂူဘွဲ့အတွက်တင်သွင်းသောကျမ်းဖြစ်ပါသည်။ စာပေပညာရှင်များ အတ္ထုပ္ပတ္တိတွင် ကိုယ်တိုင်ရေးနှင့်အခြားသူရေးဟူ၍ နှစ်မျိုးရှိသည့်အနက် ၁၉၃၀ ခုနှစ်မှ ၁၉၈၀ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် အခြားသူရေး စာပေပညာရှင်များ၏ အတ္ထုပ္ပတ္တိများကို ရွေးချယ်၍ လေ့လာတင်ပြထားပါသည်။ ခေတ်အဆက်ဆက်တွင် စာပေဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် ၊ စာပေဂုဏ် မြှင့်တင်ခဲ့ကြသည့် စာပေပညာရှင်များ၏ အတ္ထုပ္ပတ္တိများကို လေ့လာတင်ပြခြင်းဖြင့် စာပေပညာရှင်များ၏ ဘဝ၊ စိတ်ဓာတ်၊ စွမ်းဆောင်မှုနှင့် ကျေးဇူးတရားများကို သိရှိနိုင်စေရန် ရည်ရွယ်ပါသည်။ ထိုရည်ရွယ်ချက်ဖြင့် စာပေပညာရှင်များ၏ ဘဝဖြစ်စဉ်၊ စရိုက်သဘာဝ၊ စာပေပညာရှင်များ၏ ဘဝနှင့်ယှဉ်တွဲနေသည့် နောက်ခံဝန်းကျင်တင်ပြပုံ တင်ပြနည်းတို့ကို စာရေးသူ၏ ရှုထောင့်မှလေ့လာ တင်ပြထားပါသည်။ စာပေပညာရှင်များ၏ အတ္ထုပ္ပတ္တိများသည် အတုယူဖွယ်၊ ရှောင်ကြဉ်ဖွယ် ဘဝသင်ခန်းစာများကိုပေးသည့်အပြင်စာဖတ်သူတို့၏ စိတ်တွင် နှစ်သက်မှုနှင့်အတူ ဆင်ခြင်ဖွယ် ၊ နှလုံးသွင်းဖွယ်များကိုလည်း သတိပြုမိစေပါသည်။ ထို့ပြင် စာပေပညာရှင်များ၏ အတ္ထုပ္ပတ္တိများသည် လူကိုလေ့လာရာ၌လည်းကောင်း၊ ခေတ်ကိုလေ့လာရာ၌လည်းကောင်း၊ စာပေစသော အတတ်ပညာ ကိုလေ့လာရာ၌လည်းကောင်း အထောက်အပံ့ဖြစ်စေမည်ဟု ယုံကြည်မိပါသည်။